# တူညီသော ဘဝ ၊ မတူညီသော အမျှ ၊

## ဉာဏ်ဦးမောင်

မိသားစုအတွက် ကောင်းကျိုးဆောင်ခဲ့တဲ့ သားကောင်းတစ်ယောက် ဘဝထဲကနေ ပျောက်ကွယ်သွားရင်ဖြင့် မိသားစုဝင်များအနေနဲ့ ယူကျုံးမရ ဝမ်းနည်းကြရတာပါ။ နည်းတူပါပဲ။ နိုင်ငံတစ်နိုင်ငံရဲ့ သားကောင်းရတနာတစ်ယောက် ဆုံးရှုံးကြတဲ့အခါမျိုးမှာလည်း နိုင်ငံသားတိုင်း ပူဆွေးသောကဖြစ်ကြရ၊ နှစ်မြောတသကြရတာပါ။ အဲ . . ကမ္ဘာကြီးအတွက် ကောင်းကျိုးဆောင်ခဲ့တဲ့ ကမ္ဘာ့ခေါင်းဆောင်တစ်ယောက်ယောက် ကမ္ဘာမြေပေါ်က ကွယ်ပျောက်သွားတဲ့ အခါမျိုးကြပြန်တော့ ကမ္ဘာသူကမ္ဘာသားတွေမှာ မျက်ရည်မဆည်နိုင် ဖြစ်ကြရပြန်ပါတယ်။

ခုဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ လေးဆယ်မြောက်သမ္မတ ရော်နယ်ရေဂင်ရဲ့ရုပ်အလောင်းစျာပနကို ဝါရှင်တန်ဒီစီမှာရှိတဲ့ အမျိုးသားဘုရားရှိခိုးကျောင်းကြီးမှာ နိုင်ငံတော်စျာပနအဖြစ် ကျင်းပနေချိန်ပါ။ ရုပ်မြင်သံကြားသတင်းဌာနများကနေ စျာပနအခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေလို့ တွေ့မြင်ကြရပါတယ်။ လက်ရှိကမ္ဘာ့အရပ်ရပ်က ခေါင်းဆောင်တွေပါမက သမ္မတရေဂင်နဲ့ ခေတ်ပြိုင်ဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင် မစ်ခေး ဂေါ်ဘာချော့တို့၊ အင်္ဂလန်ရဲ့ သံမဏိလေဒီ မာဂရက်သက်ချာတို့ကိုလည်း စျာပနကိုတက်ရောက်ကြတဲ့ ဂုဏ်သရေရှိဧည့်သည်တော်များ ကြားမှာ တွေ့မြင်လိုက်ရပါတယ်။ အမေရိကန်သမ္မတဟောင်းများဖြစ်ကြတဲ့ ဂျရယ်ဖို့၊ ဂျင်မီကာတာ၊ ပထမ ဂျော့ဘုရှ်နဲ့ ကလင်တန်တို့လည်း တက်ရောက်ကြတာကို တွေ့ရပါတယ်။

ဆုံးရှုံးသွားတဲ့ ကမ္ဘာ့သားကောင်းရတနာတစ်ယောက်ရဲ့နောက်ဆုံးခရီးမှာ မိခင်ကမ္ဘာကြီးပေါ်က ညီအကိုမောင်နှမများရဲ့ နောက်ဆုံးဂုဏ်ပြုခြင်းအခမ်းအနားလို့ ဆိုနိုင်မလားပါပဲ။သွေးမနီးတဲ့ ရောင်းရင်းညီအကိုမောင်နှမတွေ အနေနဲ့ နှမြောတသကြရတဲ့ပွဲ။ ဘဝနိဂုံးဆုံးသွားသူတစ်ဦးအတွက် နောက်ဆုံးဂုဏ်ပြုကြရတဲ့ပွဲပါပဲ။ လူသာသေပေမယ့် အမည်မသေနိုင်တဲ့ ခုလိုခေါင်းဆောင်ကောင်းတွေအတွက် နောင်လာနောက်သားတွေအနေနဲ့ လေးစားစွာဂုဏ်ပြုကြ အောက်မေ့ဂုဏ်ယူ တသနေကြရမှာကတော့ ဒါဟာနောက်ဆုံးအကြိမ်ဖြစ်မှာ မဟုတ်ပါဘူး။ နောင်မှာလည်း ဆက်လက်လို့သာ ဂုဏ်ပြုကြ၊ အောင့်မေ့တသနေကြရဦးမှာပါ။

ရုပ်မြင်သံကြားကနေထုတ်လွှင့်နေတဲ့ ဂုဏ်ပြုအစီအစဉ်များကိုကြည့်ရှုနေရင်း ပြီးခဲ့တဲ့နှစ်ကကွယ်လွန်သွားခဲ့တဲ့ နိုင်ငံခေါင်းဆောင်ဟောင်း ပုဂ္ဂိုလ်ကြီးတစ်ယောက်အကြောင်းကိုလည်း အမှတ်ရမိပါတယ်။ နောက်ပြီးအသက်အရွယ်အားဖြင့်လည်း မတိမ်းမယိမ်း၊ နိုင်ငံခေါင်းဆောင်ဖြစ်ခဲ့ကြတာလည်းအတူတူ၊ သို့ပေမယ့် သေပုံခြင်းခြားနားမှုကတော့ နှိုင်းယှဉ်လို့ မရနိုင်အောင်ကွဲပြားလှတာကိုလည်း မစဉ်းစားပဲ မနေနိုင်အောင်ဖြစ်ရပါတယ်။

ဒီလောက်ဆိုရင်ကိုပဲ မြန်မာစာဖတ်ပရိတ်သတ်အနေနဲ့ ဘယ်ပုဂ္ဂိုလ်ကိုရည်ညွှန်းပြောဆိုနေခြင်းဖြစ်ကြောင်း သိကြမှာပါ။ ဟုတ်ပါတယ်၊ မိတ်ဆွေထင်သလိုပါပဲ။ တခြားသူဟုတ်ပါရိုးလား။ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ဟောင်းကြီး။ အရှေ့တောင်အာရှရဲ့ စံပြနေရာမှာရှိခဲ့တဲ့၊ နောက်ပြီး ကမ္ဘာ့ဆန်အိုးကြီးဖြစ်ခဲ့ဘူးတဲ့ ကျွန်တော်တို့ရဲ့ဂုဏ်ယူဝင့်ကြွားစရာအမိ နိုင်ငံရဲ့အလှကို အရှေ့တောင်အာရှမှာပါမက ကမ္ဘာကြီးရဲ့အမွဲဆုံးနိုင်ငံဖြစ်အောင်ဖန်တီးခဲ့တဲ့၊ အခြေခံနိုင်ငံသားလူတန်းစားတွေအဖို့ ထမင်းကြမ်းတောင် နပ်မှန်အောင် မစားနိုင်အောင်ဖျက်ဆီးခဲ့တဲ့ ဦးနေဝင်း၊ လက်ရှိဗိုလ်ချုပ်တွေရဲ့ ယုတ်မ ညစ်ဆိုးတဲ့ အကျင့်ဆိုးတွေကို မျိုးစေ့ချ ပျိုးထောင်ပေးခဲ့သူ ဦးနေဝင်းပေါ့။

သမ္မတရောင်ရဲ့စျာပနအခမ်းအနားမှာတော့ လက်ရှိအမေရိကန်သမ္မတ **George W. Bush**၊သမ္မတဟောင်း **George H. Bush.** စသူတို့က ရောင်ရဲ့ဂုဏ်ယူဖွယ်၊ အမှတ်ရဖွယ်အခြင်းအရာတွေကိုထုတ်ဖော်လို့ ဂုဏ်ပြုကြတယ်။ သာမန်တိုင်းသူပြည်သားတွေအနေနဲ့လည်း သမ္မတရောင်အပေါ်ထားတဲ့ သူတို့ရဲ့ သဘောထားအချို့ကို သတင်းစာများ၊ ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းများကနေ ထုတ်ဖော်ရေးသားကြ၊ ပြောဆိုဂုဏ်ပြုကြတယ်။ ဂုဏ်ပြုထိုက်သူတို့ကို ဂုဏ်ပြုစကားဆိုဖို့ရာမှာ ဂုဏ်ပုဒ်ဆိုတာ မရှားနိုင်တဲ့အရာမဟုတ်လား။ ဒီတော့ အမှတ်ရစရာတွေ၊ အောင့်မေ့ဖွယ်တွေဆိုတာ များမှများပါပဲ။

အများအကျိုးကို ထမ်းရွက်ခဲ့ရသူတစ်ယောက်မို့ သမ္မတရောင်ကို သဘောကျသူတွေလည်းရှိမယ်။ သဘောမကျ အလိုမတူသူတွေလည်းရှိကောင်းရှိမယ်။ ဒါပေမယ့် အမုန်းတရားကင်းကင်း၊ အချစ်တရားရှင်းရှင်းနဲ့ ဘက်မျှစွာ သုံးသပ်မည်ဆိုရင်တော့ ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ်၊ ဂုဏ်ပြုထိုက်သူတစ်ဦးအဖြစ် ကန့်ကွက်သူမရှိ တညီတညွတ်တည်း ကျေနပ်စွာ သဘောတူကြမှာပါပဲ။ ဒါကြောင့်လည်း သမ္မတရောင်ရဲ့ဘဝနိဂုမ်းမှာ ယူကြုံးမရ ဖြစ်ကြရသူတွေသာ များပါတယ်။

ကျွန်တော်တို့ရဲ့ခေါင်းဆောင်ဟောင်းကြီး ဦးနေဝင်းကွယ်လွန်စဉ်ကလည်း ကမ္ဘာပေါ်ကသတင်းစာတော်တော်များများနဲ့၊ အသံလွှင့်ဌာနအချို့ကနေ ဦးနေဝင်းအကြောင်းကိုရေးသားကြ၊ထုတ်လွှင့်ကြတယ်။ သို့ပေမယ့်အဲဒီရေးသားမှု၊ ထုတ်လွှင့်မှုများထဲမှာ ဂုဏ်ပြုချင်လို့ ရေးသားထုတ်လွှင့်မှုမျိုးကတော့ တစ်ခုမှပါဝင်ခဲ့တာကို မတွေ့ခဲ့ရပါဘူး။ သူပျိုးထောင်ခဲ့တဲ့ ကွင်းပြင်ကျယ်မှာ ပေါင်းမြက်တွေပမာကြီးပွားနေတဲ့ ဒူးမနာသား လူဆိုးသူခိုး စစ်ဗိုလ်ဆိုးများရဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံလိုသတင်းစာမျိုးထဲမှာတောင်မှပဲ သူ့ရဲ့ဂုဏ်သတင်းကို အလျင်းမတွေ့ခဲ့ရပါဘူး။ ဟိုနောက်နောက်ဆီက တပ်မတော်ခေါင်းဆောင်အချို့ရဲ့ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့ကြတာတွေကို သူတို့ကိုယ်တိုင် ပါဝင်ခဲ့လေဟန်နဲ့ တို့တပ်မတော်၊ သမိုင်းအစဉ်အလာကောင်းတဲ့ တို့တပ်မတော်ရယ်လို့ ဂုဏ်ယူဝင့်ကြွားလေ့ရှိတဲ့ လက်ရှိယနေ့ခေတ်ရဲ့ ဗိုလ်ချုပ်ဆိုးကြီးများကတော့ သွားလေသူ ဆရာ့ဆရာစစ်ဗိုလ်ဆိုးများရဲ့ မကောင်းတဲ့ လုပ်ရပ်များ၊ ဆိုးမွေများကြလျင်ဖြင့် သူတို့နဲ့လားလားမျှ မဆိုင်လေဟန် ပြုလုပ်တတ်တဲ့ ဓလေ့ဝသီအတိုင်း ဦးနေဝင်းကိုလည်းမေ့ထားလိုကြဟန်ရှိလေရဲ့။ စစ်တပ်အတွင်းက စစ်ခေါင်းဆောင်ဆိုးတွေရဲ့ အမွေဆိုးကို ခုတိုင်အတုခိုးနေကြပေမယ့် သူတို့ကိုယ်သူတို့တော့ ဘုရားဒကာ၊ ကျောင်းဒကာ၊ သူတော်ကောင်းကြီးများပမာ လှည့်စားမှတ်ထင်လိုကြဟန်ရှိရဲ့။ ကောင်းတာကြတော့ ငါလုပ်တာ။ ဆိုးတာဆိုရင်ငါမပါလို့ပြောတတ်ကြတဲ့ ကလေးအရွယ် ညစ်ကျယ်ကျယ် ကျောင်းသားဆိုးညင်အတိုင်း ဗိုလ်ချုပ်ဆိုးတွေကြီးစိုးတဲ့ ခေတ်ပျက်တွင်းမှာ ဗိုလ်နေဝင်းရဲ့သေခြင်းဟာ အမင်းမင်း ပြည်ကျော် ကြားလို့မှ မတော်နိုင်ခဲ့တဲ့ အနေအထားပါ။

ဘယ်သူမပြု မိမိမှုလို့ဆိုတဲ့အတိုင်း ဦးနေဝင်းခမျာလည်း သူ့မွေးခဲ့တဲ့မျောက် သူ့ပြန်ခြောက်လို့ပဲဆိုရမလား။ သူမွေးခဲ့တဲ့မီး သူ့ပြန်ပြီးလောင်တယ်လို့ပဲဆိုရမလား။ နောက်ဆုံးမရဏာခရီးကတော့ လှပ မသွားရှာပါဘူး။ ကတညုတ ကတဝေဒီဆိုတာကို နားလည်ရကောင်းမှန်းမသိလေတဲ့ လူရမ်းကားတွေကြားမှာ ဘဝပြောင်းမလှခဲ့သလို အလောင်းလည်း မလှနိုင်ခဲ့ရှာပါဘူး။ ၁၉၇၄ခုနှစ်မှာ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကွယ်လွန်ခဲ့တယ်။ တကယ်ဆို နိုင်ငံသားကောင်းတစ်ယောက်ရဲ့စျာပနကို နိုင်ငံတော်အနေနဲ့ ထိုက်ထိုက်တန်တန်ဂုဏ်ပြုကြရမှာပါ။ သို့ပေမယ့် အဲဒီအချိန်မှာ တစ်မိန့်တစ်အာဏာစနစ်နဲ့ မတရားတံခိုးထွားနေတဲ့ ဗိုလ်နေဝင်းက အာဃာတတရားနဲ့ တရားလက်လွတ်ပြုမူခဲ့တယ်။ ကွယ်လွန်သူဦးသန့်ရဲ့ရုပ်အလောင်းကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဖို့ ကျောင်းသားတွေနဲ့အများပြည်သူကတောင်းဆိုခဲ့ကြတယ်။ ဒီအချိန်မှာ စင်ပေါ်ကဗိုလ်နေဝင်း၊ တစ်ပါးသူတွေရဲ့ ထင်ပေါ်မှု၊ ကြီးပွားမှုကို မနာလိုမရှုဆိတ်နိုင်တဲ့ဦးနေဝင်းက ကွယ်လွန်သူစျာပန မလှပလေအောင် လက်နက်နဲ့ဖြိုခွင်းခဲ့တယ်။ ထိုက်တန်သူတို့ရရှိလာတဲ့ ဂုဏ်သတင်းကို သိမ်ဖျင်းစေဖို့ ကြိုးစားအားထုတ်ခဲ့တယ်။သို့ပေမယ့် အများပြည်သူရဲ့ ချစ်ခင်ခြင်းကြောင့် ရရှိလာတဲ့ ပြည်သူချစ်ပုဂ္ဂိုလ်တစ်ဦးရဲ့ ဂုဏ်သတင်းဟာ လက်နက်နဲ့ဖြိုခွင်းလို့မရနိုင်ခဲ့ပါဘူး။ ဒီလိုပါပဲ။ အမုန်းတရားနဲ့ ကြောက်ရွံ့မှုကို အခြေပြုခဲ့တဲ့ တံခိုးထွားမှုတွေ၊ ထင်ပေါ်မှုတွေဆိုတာကလည်း

ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတာထက် ဘာမှပိုလွန်တဲ့အဓိပ္ပါယ် မဆောင်လေဘူးဆိုတာကိုလည်း ရဲပြည် ရောက်ဦးနေဝင်းတစ်ယောက် ခုနေမှာ ကောင်းကောင်းသဘောပေါက်နေလောက်ဟန်ရှိမယ် ထင်ပါရဲ့။ ဒါကြောင့် သူ့အလှည့်မှာတော့ ခွေးသေဆွဲပစ်သလို ပစ်ချခဲ့တာတောင်မှပဲ ကန့်ကွက်သူမရှိ၊ တောင်းဆိုသူဆိုတာဝေလာဝေးပါ။ တွေ့ကြည့်လျင်တော့ ရင်နာစရာ ဇာတ်လမ်းတစ်ပုဒ်အလားပါပဲ။ သို့ပေမယ့် သူကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ သူ့ရဲ့ ငယ်ကျွန်တပည့်ကြီးဟောင်းကြီးများကတောင်မှပဲ ခေတ်သစ်မိစ္ဆာလက်သစ် စစ်ဗိုလ်ဆိုးများရဲ့လုပ်ရပ်ကို မဝေဖန်ရဲ ခဲ့ကြပါဘူး။ သူတို့ရဲ့ဘဝတစ်လျောက်လုံး ပေအဖြစ် အနှံခံခဲ့ရရှာတဲ့ အများပြည်သူတွေအဖို့မတော့ ဦးနေဝင်း မသာ အလောင်းရဲ့ မကောင်းသောဇာတ်သိမ်းခန်းအတွက် ဝမ်းနည်းပူဆွေးသူဆိုတာကော ဘယ်မှာလာလို့ရှိနိုင်မှာတဲ့လဲ။

သမ္မတဟောင်းရေဂင်ရဲ့ရုပ်အလောင်း အမျိုးသားဘုရားရှိခိုးကျောင်းကြီးကနေအထွက်မှာ ဘုရားကျောင်းကြီးကနေ သာယာစွာထိုးနှက်လိုက်တဲ့ ခေါင်းလောင်းသံချိုမြမြကို ကြားမိလိုက်ပါတယ်။ မြန်မာယဉ်ကျေးမှုအရဆိုရင်တော့ ကြေး စည်တီးပြီး အမျှဝေလိုက်သလိုပါပဲ။ သူတို့အလိုအရ သမ္မတကြီးရေဂင် ကောင်းကင်ဘုံမှာ ငြိမ်းချမ်းစွာအိပ်စက်အနား ယူပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်တာပ။ သမ္မတကြီး ကောင်းရာသုဂတိလားပါစေကြောင်းကို ကျွန်တော် လည်းပဲ တီဗွီကြည့်ရင်းကနေ လိုလိုလားလား ဆုတောင်းစကားဆိုခဲ့ပါရဲ့။ ကျွန်တော်ပြုဘူးခဲ့သမျှ ကုသလရဲ့ အဖို့ ဘာဂကိုလည်း သမ္မတကြီးအား မျှဝေလိုက်ပါရဲ့။

ဦးနေဝင်းစျာပနအကြောင်း ကြားရစဉ်က ခုလိုပဲ ကောင်းရာသုဂတိလားပါစေကြောင်း ဆုမွန်ကောင်းစကား ကျွန် တော် ဆိုခဲ့ပါသလား။ ကျွန်တော့်ဘဝမှာပြုသမျှရဲ့ ကုသလအဖို့ဘာဂကိုလည်း မျှဝေပေးလိုခဲ့ပါသလား။ ရိုးသားစွာ ပြောရရင်တော့ ကျွန်တော်မျှဝေခဲ့တဲ့ကုသလရဲ့ အဖို့ဘာဂ ရနိုင်ခွင့်ရှိကြသူတွေထဲမှာ ဦးနေဝင်းဆိုတာ မပါစေလိုခဲ့တာ အမှန်ပါ။ အာဃာတတရားဆိုတာ မကောင်းဘူးဆိုတာ ကျွန်တော်သိနားလည်နေခဲ့ပေမယ့် အများတကာတွေကို အမျှဝေနိုင်တဲ့နည်းတူ ဦး နေဝင်းကိုအမျှဝေဖို့ကိုတော့ ကျွန်တော့်အသိတရားနဲ့သဘောထားက မကြီးမြတ်လှသေး မရင့်ကျက်သေးတာ အမှန်ပါပဲ။

ပြန်စဉ်းစားမိတော့ လူသားနှစ်ဦးရဲ့ဘဝ။ သမ္မတကြီးတွေအဖြစ်တိုင်းပြည်ကို ဦးဆောင်ခဲ့ကြ။ တစ်ဦးကတိုင်းပြည်က လို လားလို့ တိုင်းပြည်တာဝန်ကိုထမ်းရွက်သူ။ တစ်ဦးကတော့ အလိုမတူပဲ လက်နက်အားကိုးပြီး ဗိုလ်ကြအနိုင်ယူ အုပ် ချုပ်ခဲ့သူ။ တစ်ဦးကပြည်သူချစ်သော သမ္မတ။တစ်ဦးက ပြည်သူချဉ်သောသမ္မတ။ တူညီမှုကြတာလည်းရှိရဲ့၊မတူမှုတာ လည်းရှိရဲ့။ ဘာပဲဖြစ်ဖြစ် လူသားတွေဆိုတာက ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ပဲရေးထိုးကြတာပဲ မဟုတ်လား။။တိုင်း ပြည်ကောင်းကျိုးကိုဆောင်ခဲ့သူမှန်ရင်ဖြင့် နိုင်ငံသားကောင်းတစ်ယောက်အဖြစ် တိုင်းပြည်က ဂုဏ်ယူဝင့်ကြွားစွာ ကမ္ပည်းမော်ကွန်းတင်ရစ်ကြမှာပါ။ တိုင်းပြည်ကိုဖျက်ဆီးသူ၊ တိုင်းနိုင်ငံသားတွေက မလိုလားသူ၊ တိုင်းသားပြည်သူ တွေရဲ့ အမုန်းကို သိမ်းကျုံးပြီးခံရသူတွေအတွက်တော့ သမိုင်းစာမျက်နှာပေါ်မှာ သူတို့ရဲ့ရုပ်ပုံလွှာတွေဟာ အကျည်း တန် အရုပ်ဆိုးစွာ တင်ကျန်နေရစ်မှာ မလွဲပါဘူး။ တူညီသော ဘဝနှစ်ခုရဲ့နိဂုမ်းမှာ မတူညီသောအမျှကို ရကြခြင်းဟာ တခြားသူတွေက ဖန်တီးတာမဟုတ်လေပဲ၊ မိမိကိုယ်တိုင်သာ ဖန်တီးသူဖြစ်တယ်ဆိုတာ နားလည်နိုင်ကြရင်ဖြင့် အသက်ရှင်နေခိုက်၊ လုပ်သင့်တာတွေကိုလုပ်နိုင်ခိုက်အချိန်မှာ ဘာတွေကို ကျွန်တော်တို့လုပ်သင့်သလဲဆိုတာ စဉ်း စားကြဖို့ လိုတယ်ဆိုတဲ့အကြောင်းနဲ့၊ မတရားသောနည်းနဲ့ တိုင်းပြည်ကိုအုပ်ချုပ်နေကြတဲ့ ဟောဒီ ကမ္ဘာမြေပေါ်က တိုင်းပြည်ခေါင်းဆောင် ဆိုသူတွေအနေနဲ့ ပိုပြီးသိဖို့လိုတယ်ဆိုတဲ့အကြောင်းကို သမ္မတကြီး ရော်နယ်ရေဂင်ရဲ့ စျာပန ကို ကြည့်ရှုနေရင်း အတွေးပွားနေမိရပါတယ်။ ။

ဉာဏ်ဦးမောင်

ဇွန်လ၊ ၁၁ ရက်၊ ၂၀၀၄ ခု